
ဖိုး ဖိုး ထဂ ငေ ပ
အကြည်ငြဝက်
ဒို့...ဘာတဲ့

## အို...ဘာတဲ့

ဟော့ရှေ့အမှာစာ ....

ရုပ်ရှင်နှင့် စာပေသဘောသဘာဝမတူကြောင်း ကျွန်တော်အမြဲတစေ ပြောခဲ့ပါတယ်။ ဒါက ရုပ်ရှင်မှာပြတဲ့ သဘောတရားတွေ စာပေမှာတင်ပြ ရခက်သလို စာနဲ့ရေးလို့အဆင်ပြေတဲ့ဟာမျိုးကို ရုပ်ရှင်မှာ အရုပ်နဲ့ပြန်ပြဖို့ ကလည်း ခက်ခဲလေ့ရှိပါတယ်။

ဥပမာ ၊ ကျွန်တော်တို့စာပေအနေနဲ့ အခြေခံ၊ ရာသီဥတု၊ ပတ်ဝန်း ကျင်နဲ့ သစ်ရွက်ကလေးတစ်ရွက်ကြွေကျပုံကို စာမျက်နှာ နှစ်ဆယ်ကျော်ရေး ပြလို့ရပါတယ်။ ဒါပေမယ့် ကျွန်တော်တို့ရေးတဲ့အတိုင်း ရုပ်ရှင်အနေနဲ့ ရိုက်လို့ နာရီဝက်စာကြာမယ်ဆိုရင် အဲဒီ ရုပ်ရှင်ကို ဘယ်သူက ကြည့်တော့မှာလဲ။

ဒီလိုပဲ ရုပ်ရှင်အနေနဲ့ မြို့နှစ်မြို့၊ နိုင်ငံ နှစ်နိုင်ငံ၊ လူနှစ်ယောက် ရဲ့လှုပ်ရှားပုံကို ပိတ်ကားထက် တစ်ခြမ်းစီရိုက်ပြနေတာကို စာပေအနေနဲ့ ဘယ်လိုပီပြင်အောင် ပြန်ရေးမှာလဲ။ အင်မတန်ကို ခက်ခဲလှပါတယ်။

ကျွန်တော့်ရဲ့ဝတ္ထုအတော်များများကို ရုပ်ရှင်အဖြစ်အသက်သွင်း ခဲ့ကြပါတယ်၊ စာဖတ်ပရိသတ်ကတော့ "ရုပ်ရှင်ကျတော့တစ်မျိုးဖြစ်သွား တယ်" ဆိုပြီး ပြန်ပြောတတ်ကြပါတယ်။ ကျွန်တော်ဘာမှပြန်မပြောခဲ့ပါဘူး။

"သြော် ..သူ့ခမျာ ရုပ်ရှင်နဲ့စာပေကွဲလွဲမှု အခြေခံသဘောတရား တွေကို သဘောမပေါက်လို့ပဲလို့"

ဝတ္ထုတွေကို အရုပ်အဖြစ် အသက်သွင်းနေတဲ့ ဆရာသမားတွေကို လည်း ကိုယ်ချင်းစာပါတယ်။ သူတို့မှာ မူရင်းအရသာမပျက် ဖန်တီးဖို့ကို မနည်းအားစိုက်နေကြရရှာတာ။

အခုတော့ ကျွန်တော့်ရုပ်ရှင်ကို ဝတ္ထုအဖြစ်ပြန်လည်အသက်သွင်း

လိုက်ပါပြီ။

“ဟော့ရှော့” ဆိုတဲ့ရုပ်ရှင်ကားဟာ ကျွန်တော့်ရဲ့ ဂတ္တာဇာတ်ညွှန်း ပါ။ ဒါကိုကျွန်တော်ရုပ်ရှင်ရိုက်ဖို့အတွက် သက်သက်ရေးတဲ့ဂတ္တာပါ။ ရုပ်ရှင် ဂတ္တာဖြစ်တဲ့အတွက် ကျွန်တော်တို့သာမန်ရေးရိုးရေးစဉ်အတိုင်း ဂတ္တာမျိုးနဲ့ လုံးဝမတူပါဘူး။ အားလုံးကို အရုပ်ဆန်ဆန်ချည်း ရေးရတဲ့အတွက် စာအနေ နဲ့ပြန်ရေးပြဖို့ကို သဘောသဘာဝ လုံးဝမတူနိုင်ပါဘူး။ အခုတော့ ကျွန်တော့် ရဲ့ “ဟော့ရှော့” ရုပ်ရှင်ကို ဂတ္တာစာအုပ်အနေနဲ့ ပြန်လည်တင်ပြလိုက်ရပါပြီ။

မကောင်းရင်တော့ ကျွန်ုပ်တော်ညံ့လို့ဖြစ်ပြီး၊ အဆင်ပြေတယ်ဆို ရင်တော့ ရုပ်ရှင်ဇာတ်လမ်းမို့ ကောင်းတာဖြစ်ပါကြောင်းတင်ပြရင်း ....

စိမ်းမြသော မြက်ခင်းပေါ်သို့ လှပသော ခြေသံတို့ စီးမိုးနေသည်။

ထိုခြေသံရှင်တို့၏ ရယ်သံလွင်လွင်ကြောင့် နံဘေးနားကပိုက် မြည်းနေသော ကိုင်းပင်များပင် အိပ်ချင်မူးတူးအသွင်သဏ္ဍာန်နှင့် ဦးမော့ ကြည့်ကြမယ်။

မှန်ပေသည်။

လွန်စွာလှပသော ကောင်မလေးနှစ်ယောက် တစ်ယောက်ကို တစ်ယောက် ကလူကျီစယ်ရင်း မြက်ခင်းစိမ်းပေါ် ပြေးလွှားဖြတ်ကျော်နေခြင်းပင်။

တစ်ယောက်ကကျစ်ဆံမြီးကို နှစ်ဖက်ခွဲကျစ်ထားပြီး တစ်ယောက် ကတော့ ရှိရှိသမျှဆံပင်အားလုံးကို ငယ်ထိပ်တွင် ထိပ်ဖူးလေးသဖွယ် စုစည်း ထုံးနှောင်ထားသည်။

“မိုးသိင်္ဂီ သိလား၊ ဒီနေ့ကျောင်းမှာသစ်လွင်တို့ ဘက်စကက်ဘော ပြိုင်ပွဲရှိတယ်”

ကျစ်ဆံမြီးနှင့်ကောင်မလေးကို ဆံပင်တွေစုထုံးထားသည့်

ကောင်မလေးက မဲ့ရွဲ့၍ ...

“သိပြီးသားပါ စိုးဒေဝါရဲ့၊ မနက်ကတောင် အတန်းရှေ့လာပြီး ညနေကျရင် လာအားပေးပါလို့ ငါ့ကို တကူးတက လာဖိတ်သွားသေး၊ ဟင်း ဟင်း”

မိုးသိင်္ဂီစကားကြောင့် စိုးဒေဝါမျက်နှာပျက်သွားသည်။ ပြီးမှ ဘာမှ မဖြစ်သလိုဟန်မျိုးနှင့် မျက်နှာကိုပြန်မဲ့ရွဲ့လိုက်ပြီး...

“မိန်းမတွေကလည်း ခက်ပါတယ်အေ အဲဒီ သစ်လွင်ဆိုတဲ့ ကောင်ကိုများ ရွှေထွက်မှာကျနေတာပဲ၊ ဖြစ်နေလိုက်ကြတာ၊ ငါကတော့ မကြိုက် ပေါင်၊ မျက်နှာက ဖောင်းဖောင်းနဲ့ နဖူးကြတော့ လက်နှစ်လုံးလောက်ရှိတာ တကယ်တမ်းကြည့်ရင် ဘာမှမလာဘူး”

“လာစရာရှိတာတော့ လာမှာပါအေ”

“အေး ဒါတော့ သန်တုန်းမြန်တုန်း၊ ဟဲ့ ငါကရုပ်ကိုပြောတာ”

“အေးလေ ငါလည်း ရုပ်ကိုပဲပြောတာပဲ၊ ကိုယ့်ဘာသာကိုယ် အတွေးချော်ပြီး ဘာတွေစဉ်းစားလဲမှမသိတာ၊ ဟော ကြည့်စမ်း ကိုသစ်လွင် နှုတ်ခမ်း၊ နှာခေါင်း၊ မျက်ဝန်း”

မိုးသိင်္ဂီ ပြောရင်းပြောရင်းနှင့် သူ့စိတ်ကူးထဲတွင် သစ်လွင်ဆိုသူ တကယ်ပေါ်လာသလို ခံစားရသည်ထင့် ခြေလှမ်းက ပုံမှန်လှမ်းနေသော်လည်း မျက်လုံးတွေက ရီဝေပြီး ကောင်းကင်ကိုမော့ကြည့်နေသည်။

“တစ်နေ့ကလေ သိလား၊ ငါလည်း အတန်းရှေ့အထွက် ကိုသစ်လွင်က ကော်ရစ်တာထောင့်ချိုးကလှည့်အလာ ဝုန်းဆိုတိုက်မိမလိုဖြစ်”

“ဝုန်း”

“အား”

“ဟင် ကယ်ကြပါဦးတော့၊ ဒီမှာ ဒီမှာတိုက်မိပြီ”

ယခုမှ တကယ်တိုက်သွားပါသည်။ မိုးသိင်္ဂီ ပြောသည့် အတိုင်းပင် သူတို့လည်း လမ်းမအရောက် တစ်ဖက်လမ်းကြားမှ ချိုးကွေ့လာသော မောင်ဗမာစက်ဘီးကြီးနှင့် မရှောင်နိုင်ဘဲ ဝင်တိုက်မိခြင်းပင်။ တိုက်တာမှ အရှေ့တည့်တည့်မှ အရှိန်မထိန်းနိုင်ဘဲ တင်းကျမ်းကို တိုက်မိခြင်းဖြစ်သည်။

စိတ်ကူးတွေယဉ်ပြီး ထိပ်ဖူးတွေပြင်နေသော (သူ့ဆံပင်ထိပ်ဖူးတွင် စည်းနှောင်ထားခြင်းဖြစ်ကြောင်း ဖော်ပြပြီးဖြစ်) မိုးသိင်္ဂီ တစ်ယောက် စိတ်ကူးတွေလွဲပြီး ထိပ်ဖူးကြီးကွဲသော ဘဝနှင့် မြေပေါ် လဲရရှာလေသည်။

သိပ်မကြာခင်အချိန်အတွင်း၌ တက္ကသိုလ် ပရဝဏ်အတွင်း အင်္ဂလိပ်စာ ပထမနှစ်ကျောင်းသူ မိုးသိင်္ဂီတစ်ယောက် မောင်ဗမာကြီးနှင့် ထိပ်တိုက်တွေ့ပြီး ထိပ်ဖူးကွဲသွားသော သတင်း ပျံ့နှံ့သွားလေတော့သည်။

သတင်းဖြန့်ဝေသူက သူ၏ အချစ်ဆုံးသူငယ်ချင်းဖြစ်သော စိုးဒေဝါကိုယ်တိုင်ပင်။

အဆောင်အခန်းထဲ၌ စိုးဒေဝါတစ်ယောက် မိမိကိုယ်မိမိ အလှဆုံးပြုပြင်နေသည်။ အခန်းတစ်ခုလုံးတွင်လည်း ပေါင်ဒါနံ့များ မွှန်ထူနေသည်။

"ဟဲ့ စိုးဒေဝါ နင်ဘယ်သွားမှာမို့လို့ ဒီလောက်ပြင်ဆင်နေရတာ လဲ ဟင်"

အခန်းထောင့် ခုတင်ပေါ်တွင် ထိပ်ဖူးကွဲသောဒဏ်ရာကို ပတ်တီး စီး၊ စောင်ထူကြီးခြုံပြီး ငြိမ်နေရသောမိုးသိင်္ဂီမှ ချိနဲ့သောအသံဖြင့်မေးသည်။

မိုးသိင်္ဂီမေးလိုက်မှ စိုးဒေဝါက မရှိရှိသမျှအရာအားလုံးကို ဂုဏ်ယူဟန်ဖြင့် ကော့တင်လိုက်ပြီး...

"သစ်လွင်နဲ့ချိန်းထားတယ်လေ"

"ဟင်"

“သူက ငါနဲ့အတူ ဘိုးလင်းကစားချင်လို့”

“ဘိုးလင်းကစားချင်လို့”

“အင်း”

“ဩော်”

တစ်ယောက်က ဂုဏ်ယူ၍ ပြောဆိုသံ။ တစ်ယောက်က ပူဆွေးသောအသံ။

“ကဲ နင်နဲ့ပြောနေရတာ နဲ့ သစ်လွင်နဲ့ချိန်းထားတာ နောက်ကျနေတော့မယ်၊ သွားမယ်သူငယ်ချင်း ပြန်လာမှသစ်လွင်နဲ့ငါ ဘိုးလင်းရုံမှာ ဘယ်လိုအကြည်ဆိုက်ခဲ့တယ်ဆိုတာ မင်းကိုရှင်းပြတော့မယ်၊ တာ့တာ”

သာမန်ထက်ပို၍ လူပ်ခါပြ၊ နှုတ်ဆက်သွားသော စိုးဒေဝါကို ကြည့်ပြီး မိုးသိင်္ဂီမှ ငိုချတော့မလိုဖြစ်ပြီး...

“အေးပေ့ါလေ သွားနိုင်သူကသွားပေ့ါ၊ ဒါပေမယ့် နင်လည်း ငါ့လို မောင်ဗမာကြီးနဲ့တွေ့ပြီး စိတ်ကူးတွေလွဲပြီး ထိပ်ဖူးမကွဲပါစေနဲ့လို့ ငါဆုတောင်းပေးလိုက်ပါတယ်၊ အဟင့် အဟင့်”

မိုးသိင်္ဂီ၏ ဆုတောင်းသံကိုတောင် စိုးဒေဝါ ကြားလိုက်မည် မထင်။ ကိုင်ထားသော စလင်းဘက်(ခ်)လေး တရမ်းရမ်းနှင့် ချိန်းထားရာသို့ ပျော်ရွှင်စွာ ခုန်ပေါက်သွားလေတော့၏ ။